# INTER-PARLIAMENTARY UNION





# (Inter-Parliamentary Union-IPU) ဆိုင်ရာအချက်အလက်များ

## (Inter-Parliamentary Union- IPU)

၁။ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union-IPU)ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်ထောင်စုအဆင့်ပါလီမန်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါသည်။ IPU ကို ညီလာခံ (Assembly)၊ အုပ်ချုပ်မှုကောင်စီ (Governing Council)၊ အမှုဆောင်ကော်မတီ (Executive Committee) နှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး (Secretariat) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ရုံးစိုက်ရာဌာနချုပ်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် တည်ရှိပါသည်။

၂။ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော ထိုနိုင်ငံရှိလူဦးရေကို ကိုယ်စားပြုသော၊ ထိုနိုင်ငံ၏နယ်မြေအတွက် လုပ်ငန်းဆောင်ရွက်သော လွှတ်တော်တိုင်းသည် IPU သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၇၈)နိုင်ငံရှိပြီး မိတ်ဖက်အဖွဲ့ဝင် (၁၂)နိုင်ငံရှိပါသည်။

၃။ မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အဖွဲ့ဝင်ဖြစ်သည့်အလျောက် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးရည်ရွယ်၍ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီကို ၂၀၁၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် IPU မှ တိုက်တွန်းနှိုးဆော်သည့် အထိမ်းအမှတ်ပွဲများနှင့် ဟောပြောပွဲများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## IPU နှင့်စပ်လျဉ်း၍ မြန်မာလွှတ်တော်၏ ဆောင်ရွက်မှုအခြေအနေများ

## နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on IPU)

၄။ မြန်မာလွှတ်တော်သည် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ IPU အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်သည် IPU အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ရန် ၁၆-၃-၂၀၁၂ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၇-ခ) အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary

Union) ကို ပြည်ထောင်စုလွှတ်တော်၏ ၃၁-၇-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) ဖြင့်စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးစီ၊ စုစုပေါင်း (၂၀)ဦး ပါဝင်ပါသည်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်၏ ၁-၃-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈ ဦး၊ စုစုပေါင်း ၁၆ ဦး ပါဝင်ပါသည်။

၅။ ဤပူးပေါင်းကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှစ၍သက်တမ်းကာလ ၁ နှစ်ဖြစ်ပြီး ကော်မတီသက်တမ်းတိုးခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီသည် IPU ညီလာခံတက်ရောက်ရေးကိစ္စရပ်များ၊ ပြည်ထောင်စုလွှတ်တော်နှင့် IPU အဖွဲ့တို့အကြား ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများ၊ IPU အဖွဲ့ဆိုင်ရာမူဝါဒများနှင့် IPU ညီလာခံကချမှတ်သည့်ဆုံးဖြတ်ချက်များ၊ ညီလာခံတွင် မြန်မာလွှတ်တော်ကိုကိုယ်စားပြု၍ တင်ပြဆွေးနွေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကြိုးကြပ်ဆောင်ရွက်ခြင်း၊ ညီလာခံတက်ရောက်ခဲ့မှုအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊ ညီလာခံမှချမှတ်ခဲ့သည့် အတည်ပြုချက်များကို လေ့လာသုံးသပ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းကော်မတီလုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကိုဆောင်ရွက်ရပါသည်။ ပူးပေါင်းကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရပါသည်။

**နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံများ (IPU Assemblies) သို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့မှုအခြေအနေ**

၆။ မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့သို့ ၅-၄-၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပြီး ယင်းနှစ်တွင် ယူဂန်ဒါနိုင်ငံ၊ ကမ်ပါလာမြို့၌ပြုလုပ်သည့် (၁၂၆) ကြိမ်မြောက်ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနောက် (၁၂၇) ကြိမ်၊ (၁၂၉)ကြိမ်၊ (၁၃၀) ကြိမ်၊ (၁၃၁) ကြိမ်၊ (၁၃၂)ကြိမ်၊ (၁၃၃)ကြိမ်၊ (၁၃၅)ကြိမ်၊ (၁၃၇)ကြိမ်နှင့် (၁၃၉)ကြိမ်မြောက် IPU ညီလာခံများသို့လည်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပါသည်။ (၁၂၈)ကြိမ်၊ (၁၃၄)ကြိမ်၊ (၁၃၆)

ကြိမ်နှင့် (၁၃၈)ကြိမ်မြောက်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ခြင်းမရှိပါ။ အထွေထွေညီလာခံကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလေ့ရှိပြီး ပထမအကြိမ်ကို သက်ဆိုင်ရာအလှည့်ကျနိုင်ငံတွင်ကျင်းပ၍ ဒုတိယအကြိမ်ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပလေ့ရှိပါသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၈ ရက်အထိ ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်စ်မြို့၌ ကျင်းပခဲ့သည့် (၁၃၇)ကြိမ်မြောက် IPU ညီလာခံအစည်းအဝေးက အတည်ပြုခဲ့သည့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ရိုဟင်ဂျာများအပေါ်တွင် ပြင်းထန်စွာတိုက်ခိုက်မှုများ၊ စိုးရိမ်ဖွယ်လူသားပဋိပက္ခများကိုအဆုံးသတ်၍ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏မူလနေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေးဆုံးဖြတ်ချက်မူကြမ်းတစ်ခုလုံးကို အရေးပေါ်အစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ပယ်ချနိုင်ခဲ့ပါသည်။ ၁၃၈ ကြိမ်မြောက် IPU ညီလာခံအစည်းအဝေးတွင် အဆိုပါကိစ္စရပ်အား ဆက်လက်ဆွေးနွေးခဲ့ပြီး ၁၃၉ ကြိမ်မြောက် IPU ညီလာခံအစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းဝင်း ဦးဆောင်၍ အဖွဲ့ဝင် ဦးဘိုဘိုဦးနှင့် ဦးဂျေယောဝူတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြောက်ပိုင်းရခိုင်ကိစ္စအရေးနှင့်ပတ်သက်၍ International Humanitarian Law Committee ၏တံခါးပိတ်အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ၁၄၀ ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့အစည်းအဝေး IPU ကို (၆.၄.၂၀၁၉) မှ (၁၀.၄.၂၀၁၉) အထိ ကာတာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး တက်ရောက်မည်ဖြစ်ပါသည်။

**International Humanitarian Law Committee**

၇။ IPU သည်နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကာကွယ်မြှင့်တင်ရေးကော်မတီကို ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ အရပ်သားနှင့်လက်နက်ကိုင်များအတွက် အငြင်းပွားမှုနှင့် သက်ဆိုင်သည့် သဘောတူလက်မှတ်ရေးထိုးထားသောဥပဒေများ၊ စာချုပ်များကိစ္စများကို ကာကွယ်ဆောင်ရွက်သည့် ကော်မတီတစ်ရပ်ဖြစ်ပါသည်။ အဆိုပါကော်မတီမှအဖွဲ့ဝင်များအနေဖြင့် အစည်းအဝေး တစ်နှစ်လျှင် အနည်းဆုံး ၂ ကြိမ် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ပြီး မျက်နှာစုံညီအစည်းအဝေးအား တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပသည်။ အဖွဲ့ဝင် ၁၂ဦးပါဝင်သော ယင်းကော်မတီကို အုပ်ချုပ်မှုကောင်စီမှ (၄)နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ပြီး ၎င်းကော်မတီတွင် အမျိုးသား(၁)ဦး၊

အမျိုးသမီး(၁)ဦးစီပါဝင်သည့် ပထဝီဝင်နိုင်ငံရေးအစုအဖွဲ့များနှင့်ဖွဲ့စည်းပြီး အဖွဲ့ဝင်အားလုံးမှာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကိစ္စရပ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူများဖြစ်ကြပါသည်။ တစ်နှစ်သက်တမ်းရှိသော ကော်မတီဥက္ကဋ္ဌရာထူးအတွက် ကော်မတီအဖွဲ့ဝင်များမှ ရွေးကောက်တင်မြှောက်ရပါသည်။

Third South Asian Speaker's Summit on Achieving the SDGs

၈။ IPU မှကြီးမှူးကျင်းပသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) အတွက် တတိယအကြိမ်မြောက် အရှေ့တောင်အာရှပါလီမန်ဥက္ကဋ္ဌများ ထိပ်သီးအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံတွင် လက်ခံကျင်းပခဲ့ပါသည်။ ၎င်းထိပ်သီးအစည်းအဝေးကို ပထမအကြိမ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အိန္ဒိယနိုင်ငံတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။ အစည်းအဝေးကျင်းပရသည့်ရည်ရွယ်ချက်မှာ အနာဂတ်တွင် ပါလီမန်များဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်နိုင်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် အမျိုးသား/အမျိုးသမီးများ၊ လူငယ်များနှင့်မသန်စွမ်းသူများအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးထောက်ပံ့ပေးနိုင်မှုအတွက် စက်မှုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ စဉ်ဆက်မပြတ်မြှင့်တင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်ဖြစ်ပါသည်။

၉။ အဆိုပါအစည်းအဝေးတွင် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံ စသည့်နိုင်ငံ (၉) နိုင်ငံ၏ လွှတ်တော်ဥက္ကဋ္ဌများမှ ပါဝင်တက်ရောက်သည့် ထိပ်သီးအစည်းအဝေးဖြစ်ပါသည်။

# IPU ၏ ၂၀၁၉ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့်အစီအစဉ်များ

| စဉ် | ရက်စွဲ | နေရာ | အကြောင်းအရာ |
|---|---|---|---|
| ၁။ | 13 March 2019 | New York, United States of America | Parliamentary Meeting on the occasion of the 63rd session of the Commission on the Status of Women |
| ၂။ | 6-10 April 2019 | Doha, Qatar | 140th Assembly and related meetings |
| ၃။ | 14-17 May 2019 | Geneva, Switzerland | Information seminar on the structure and functioning of the Inter-Parliamentary Union for English-speaking participants |
| ၄။ | 27-28 May 2019 | Ulaabaatar, Mongolia | Second Regional Seminar for the Asia-Pacific Region Parliaments on Achieving the Sustainable Development Goals |
| ၅။ | 27-28 July 2019 | Wroxton, United Kingdom | Fourteenth Workshop of Parliamentary Scholars and Parliamentarians |
| ၆။ | July 2019 | New York, United States of America | Parliamentary side event at the High-Level Political Forum for sustainable development (HLPF) |

| စဉ် | ရက်စွဲ | နေရာ | အကြောင်းအရာ |
|---|---|---|---|
| ၇။ | 7 October 2019 | Geneva, Switzerland | 44th session of the Steering Committee of the Parliamentary Conference on the WTO |
| ၈။ | 13-17 October 2019 | Belgrade, Serbia | 141st Assembly and related meetings |
| ၉။ | 2019 | - | Regional seminar on parliaments and the implementation of UN Security Council resolution 1540 |
| ၁၀။ | 2019 | Egypt | Third Roundtable convened by the Committee on Middle East Questions |

# IPU Programme Manager Ms. Norah Babic
# ၏ကိုယ်ရေးအကျဉ်း



Ms. Norah Babic သည် ကုလသမဂ္ဂအေဂျင်စီများနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများစွာရှိသည့်ဌာနချုပ်များနှင့် ကွင်းဆင်းလေ့လာသည့်နယ်ပယ်များ၊ အထူးသဖြင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (အရေးပေါ်နှင့် လူသားချင်းစာနာထောက်ထားမှု ရေးရာဆက်စပ်လုပ်ငန်းများ)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (ရွေးကောက်ပွဲအဖွဲ့အစည်း နှင့်ဆက်စပ်သောလုပ်ငန်း) များတွင် ၁၉၉၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ ပါသည်။ ၂၀၁၃ ခုနှစ်တွင် IPU ၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

Ms. Norah Babic သည် IPU ၏ အစီအစဉ်အမျိုးမျိုးရှိသည့်အနက် အဖွဲ့အစည်းပိုင်း ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်ကို ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသည်။ သူမသည် ဖွံ့ဖြိုးဆဲ နှင့်ပေါ်ပေါက်ဆဲဒီမိုကရေစီတို့ကို ကိုင်တွယ်နေသော လွှတ်တော်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်ရေးအစီအစဉ်များစွာကို ဦးဆောင်ညွှန်ကြားနေသည့်အဖွဲ့ကို ဦးဆောင်စီမံကွပ်ကဲနေပါသည်။ ထိုလွှတ်တော်များအနက် ထက်ဝက်ခန့်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လွှတ်တော်များဖြစ်ပါသည်။ သူမသည် အောက်တိုဘာလ၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော ၁၃၁ ကြိမ်မြောက် IPU ညီလာခံတွင် IPU အုပ်ချုပ်ရေးကောင်စီမှအတည်ပြုခဲ့သော လွှတ်တော်အထောက်အကူပြုရေးဆိုင်ရာ စံနမူနာ

နည်းဥပဒေများကို IPU ၏လက်ရှိလုပ်ဆောင်သော လုပ်ငန်းတာဝန်များအဖြစ် အကောင်အထည် ဖော်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။

ထို့အပြင် IPU ၏နှစ်စဉ်ညီလာခံကြီး (၂)ရပ်မှချမှတ်ခဲ့သော အရေးပေါ်ကိစ္စရပ်များအား ကိုင်တွယ်ဆုံးဖြတ်ချက်ချသည့်အပိုင်းတွင်လည်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သူမသည် ဆိုက်ပရပ်နိုင်ငံအတွက် IPU မှ အစီအစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရသူများအဖွဲ့တွင်လည်း အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေကို မြှင့်တင်ပေးသည့် IPU ကော်မတီတွင်လည်း တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း IPU ၏မြေထဲပင်လယ်ပိုင်းနိုင်ငံများ၏ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျင်းပခဲ့သောညီလာခံတွင် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ပါသည်။